
တိမ်လှိုင်း(အောင်လံ)
မိုးမခနှင့် သစ္စာရောင်ပြန်အပါအဝင်
ဖြစ် ရပ် ဆန်း ကြယ် ဝ တ္ထု တို့ များ

# အပိုင်း(၁)
# မိုးမခနှင့်လောကဓံ

"ဟဲ့ မိုးမခ ထတော့လေ နေမြင့်နေပြီ ပြောတော့ ဝါးခုတ်သွားမှာ ဆို ငါ့နှယ်နော် နင်တို့ နဲ့ တော့ ခက်ပါတယ်။ ဘယ်အလုပ်မှ ဝီရိယ မရှိဘူး ဟဲ့ ထတော့ ထထ"

မွေးမိခင်ရဲ့ အချိန်မှန်နှိုးတဲ့ အသံလေးကို မိုးမခ ကြားနေရသည် ။

"ထပြီ အမေရေ"ဟု ပြောပြီး မိုးမခလည်း မျက်နှာသစ် ထမင်းကြမ်း လေး စားပြီး တောင်ပေါ်တက်ဖို့ ပြင်ဆင်နေတော့သည် ။ မိုးမခတို့ နေ တာက ရိုးမတောင်ခြေမှာ ရှိတဲ့ တောရွာလေးမှာ ဖြစ်သည် ။ မြို့နှင့်လ ည်း အလှမ်းဝေးတော့ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲလှသည် ။ မိုးရာသီများ ဆို သံဃာတွေ ဝါဆိုသလား မှတ်ရအောင် မိုးမခတို့ ဘေး ရွာတွေနဲ့ သွားလာရေး ခက်ခဲလို့ ရွာတွင်း အောင်းကြရသည် ။

မိုးမခမှာ ခင်တွယ်စရာဆိုလို့ အမေမှ တပါး အခြားမရှိပေ။ လူမမ ယ် ကလေးဘဝ ကတည်းက အဖေဆိုတာ ဘာမှန်းမသိခဲ့၊ မိုးမခ မွေးပြီး တစ်လအကြာမှာ ပဲ အဖေ ဆုံးသွားခဲ့လေသည် ။ ဘာရောဂါကြောင့် ဆုံးသွားလဲ ဆိုတာတော့ မိုးမခ ခုထိ သိခွင့်မရခဲ့ပေ။ မွေးမိခင်ကလည်း ဘယ်ချိန်မေးမေး အချိန်မတန်သေးလို့ မပြောသေး

ဘူးလို့ ပင် ပြောထားခဲ့ပေသည် ။ ကြာလှတော့လည်း မေ့မေ့လျော့လျော့နဲ့ မမေးဖြစ်ခဲ့ပေ။ မိုးမခ ငယ်စဉ်ကပင် လောကုတ္တရာဘက်ကို စိတ်ဝင်စားသည် ။ ဘုရားနှင့်တရားနှင့် နေသည် ။ ဗုဒ္ဓရဲ့ အဆုံးအမ ဩဝါဒ တရားတော်တွေ အတိုင်း တတ်နိုင်သမျှ လိုက်နာ ကျင့်သုံးသည် ။ မိုးမခမှာ မွေးမိခင်ကို ဝါးခုတ်ရောင်းကာ လုပ်ကျွေးရှာသည် ။

မိုးမခတို့ တောင်ပေါ်တက် ဝါးခုတ်တာက အနည်းဆုံး နှစ်ရက် သုံးရက်ကြာတတ်သည် ။ မိုးမခလည်း လိုအပ်သည့် ရိက္ခာပစ္စည်းတွေ ထည့်ပြီးတာနဲ့ အမေ့ကို ကန်တော့ပြီး တောင်ပေါ် တက်ခဲ့လေတော့သည် ။ မမှောင်ခင် တောင်ပေါ်ရောက်အောင် တက်ရမှာ မို့ ခက်သွက်သွက်လေး လျှောက်လာခဲ့တော့သည် ။ 'တော်သလင်းနေ ပုစွန်သေ' ဆိုသည့် အတိုင်း သူရိန်နေမင်းက အလင်းဓာတ်ကို ဆင့်ကဲ လွှတ်နေပေမဲ့ သတ္တဝါတွေ အဖို့ တော့ အပူဒဏ် ပြင်းလှပေသည် ။ တောင်ပေါ်တတ်ရင်း မိုးမခလည်း ဘေးဘီဝဲယာ ကြည့်နေမိသည် ။ မိုးမခတို့ ရွာလေးက အေးသာယာ ရွာဖြစ်သည် ။ ဘေးပတ်လည်မှာ တော့ သစ်ပင်တွေ တောင်တန်းတွေနဲ့ စိမ်းစိမ်းစိုစို ရှိလှသည် ။ ထန်းသုံးပင်ရွာ၊ ရွာသာယာနှင့် အလယ်ရွာတို့ မှာ မိုးမခတို့ နှင့် ရွာနီးနားချင်းတွေပင် ဖြစ်သည် ။ မိုးမခလည်း တွေးရင်းငေးရင်းနှင့် လျှောက်လှမ်းလာရာ မှောင်ရီပျိုးစ အချိန်မှာ ပဲ တောင်ပေါ်ရောက်၍ တစ်ညတာ အိပ်စက်ဖို့ အတွက် နေရာရှာရပြန်သည် ။ ဟော တွေ့ပါပြီ။ ခွဆုံက ခုတင်လား မှတ်ရအောင် အိပ်ဖို့ ကောင်းတယ် အုံ့မှိုင်းမှိုင်းနှင့် ကုက္ကိုပင်တစ်ပင် ဖြစ်သည် ။

မိုးမခလည်း ထိုအပင်ထက် တက်၍ တစ်ညတာ အိပ်စက်ရန် ဆုံးဖြတ်လိုက်သည် ။ ထို့နောက် မိုးမခလည်း အပင်ပေါ်မတက်ပဲ ခေတ္တ နားနေသည် ။ ထိုအချိန်တွင် အဝတ်စား နွမ်းဖပ်နေသည့် အဘိုးအိုတစ်

ယောက် သစ်ပင်အောက် ဝင်လာသည် ကို မြင်ရလေသည် ။ အဘိုးအို သည် အလွန် ပင်ပန်းလာသည် နှင့် တူ၏။ ချွေးတွေ တပြိုက်ပြိုက်နဲ့ နွမ်းလျနေသည် ။ မိုးမခလည်း ထိုသူအား ငေးနေမိသည် ။

"လူကလေး အဘ အရမ်းမောလာလို့ ရေတစ်ခွက်လောက် တိုက်ပါလားကွယ်"

မိုးမခမှာ သူ့နားသူပင် မယုံနိုင်လောက်အောင် အသံက တည်ငြိမ်အေးချမ်းလွန်းသည် ။ အရွယ်နဲ့ မလိုက်အောင် ကြည်လင်လှသည် ။ မိုးမခလည်း မိမိ၌ ပါလာသည့် ရေဘူးကို ထုတ်ပေးလိုက်သည် ။ အဘိုးအိုလည်း မောပန်းသည့်အလျောက် သောက်လိုက်ရာ ရေဘူး တစ်ဝက်ခန့်ပင် ကုန်သွားတော့သည် ။ မိုးမခလည်း အလိုက်သိစွာ ထမင်းထုပ်ကို ဖြေ၍

'အဘိုးဗိုက်လည်း ဆာရောပေ့ါ စားလိုက်ပါဦး' လို့ ပြောပြီး ရိုရိုသေသေ ကမ်းပေးလိုက်၏။

'လူကလေးက ဘာစားမလဲ အဘိုး ဒါစားလိုက်ရင်'

"ရပါတယ် အဘိုးရယ် ကျွန်တော်က လူငယ်ပဲ သစ်သီးတွေ ပေါပါတယ်"

"အေးကွယ် သာဓု သာဓု သာဓု လူကလေးက စိတ်ထားဖြူစင်သားပဲ ဒါပေမဲ့ လူလေးဘဝက မလှခဲ့ပါလား လူလေး ဒေါသကို ရှေ့မထားမိစေနဲ့ လူလေးဟာ မကြာတော့တဲ့ အချိန်မှာ သာသနာတွက် လူမျိုးတွက် ခုနစ်ရက်သားသမီးတွေတွက် အဖိုးတန် ရတနာလေး ဖြစ်လာလိမ့်မယ်ကွဲ့။ အိမ်း လူလေး ကျယ်ပြောလှတဲ့ သံသရာတစ်ကွေ့ ခဏတွေ့တဲ့ တွေ့ဆုံကြုံကွဲ လောကခံကို လူလေး ကြံ့ကြံ့ခံနိုင်ပါစေ ကဲ အဘိုးလည်း သွားစရာလေး ရှိလို့ ခရီး ဆက်လိုက်ဦးမယ်ကွယ်"

"နေပါဦး အဘိုး ကျွန်တော် မေးစရာလေးရှိလို့ "

"ဘာလဲ လူလေး နာမည်နဲ့ ဘယ်မှာ နေလဲ မေးမလို့ လား အဘိုးနာမည် မရှိဘူးကွဲ့။ သံသရာတစ်ကွေ့ ခဏတွေ့တဲ့ ဂန္ဓာရီ ခရီးသွားတစ်ယောက်လို့ လူလေး မှတ်ယူထားလိုက်ပါကွယ်။ လိပ်စာမရှိလို့ အဘိုးနဲ့ မတွေ့ဘူးလို့ မထင်ပါနဲ့ ကွယ်။ လူလေးနဲ့ အဘိုးက ရေစက်ရှိလို့ ဆုံခဲ့ကြပြီပဲ။ ကဲရော့ ဒီအရုပ်လေး ဆောင်ထားကွဲ့ အန္တရာယ်ဖြစ်ဖြစ် အကြောင်း တိုက်ဆိုင်ရင်ပဲဖြစ်ဖြစ် ဒီအရုပ်လေးက အဘိုးနဲ့ လူလေးကို ဆက်သွယ် ပေးလိမ့်မယ်။ မပျောက်အောင် ထိန်းသိမ်းထားကွယ် ဖြစ်နိုင်ရင် လည်ပင်းမှာ ဆွဲထားပေါ့ကွယ်။ ကဲ လူလေး အဘသွားတော့မယ် ဪ ဒါနဲ့ လူလေး မနက်ဖြန် ရွာကိုပြန်ပါကွယ်။ ဘာလို့ လဲတော့ မမေးနဲ့ ကွယ် လူလေး ပြန်တာ ကောင်းလိမ့်မယ် ကဲ အဘိုးသွားပြီ"

မိုးမခလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားသည့် အဘိုးအို၏ နောက်ကျောကို ငေးရင်း ကျန်ခဲ့လေတော့သည် ။

ညည့်နက်ပြီမို့ မိုးမခလည်း အဘိုးစားပြီး ကျန်သည့်ထမင်းကို အမြန်စားကာ အိပ်စက်လေသည် ။

"သား မိုးမခ အမြန်ပြန်လာခဲ့ပါ" ဆိုသည့် အသံနှင့် ဖြူဖျော့ဖျော့ အသားရေနှင့် အားနည်းလှသည့် အမေ့ကို မြင်လိုက်ရသည် ။

"ဘာဖြစ်လို့ လဲ အမေ"

"အမေ့အသက်ကို မီချင်သေးရင်း ပြန်လာခဲ့ပါ သားရယ်" လို့ ပြောပြီး ပျောက်ကွယ်သွားသည် ။

"အမေ့ အမေ့"

မိုးမခလန့် နိုး လာပြီး ဟာ ငါအိပ်မက်တွေ မကောင်းပါလား။

ဟူး မနက် ပြန်မှ ဖြစ်တော့မယ်။ အမေ ဘာမှ မဖြစ်ပါစေနဲ့ လို့ ဆုတောင်းနေရမှာ ပဲ။ မိုးမခလည်း ပြန်အိပ်ဖို့ ကြိုးစားပေမဲ့ စိုးရိမ်စိတ်ကြောင့် မနက်ထိ အိပ်မပျော်ခဲ့ပေ။

မိုးလင်းတာနဲ့ မိုးမခလည်း ဝါးပင် မခုတ်နိုင်ပဲ ရွာသို့ သုတ်ခြေတင် ပြန်ခဲ့လေသည် ။ မိုးမခလည်း တောလမ်းလေးအတိုင်း စိုးရိမ်စိတ်တို့ နှင့် ပြန်လာခဲ့သည် ။ တောတွင်း တစ်နေရာ ရောက်တော့ မိုးမခ လန့်သွားသည် ။ မနေ့က တွေ့ခဲ့သည့် အဘိုးအိုနှင့် သျှောင်ထုံးကြီး ထုံးထားပြီး နှုတ်ခမ်းမွေး ကားကားနှင့် သက်လတ်ပိုင်း လူတစ်ယောက် ပညာချင်း တိုက်ခိုက်နေကြသည် ။ သက်လတ်ပိုင်း လူကြီးက အဘိုးအိုအား "ဒီမှာ အဘိုးကြီး ခင်ဗျား အသက် သေချင်နေပြီလား။ ကျုပ် လူမသတ်ချင်ဘူး။ ကျုပ်နာမည်က ငထွားတဲ့ ကျုပ်ကိုနိုင်တဲ့ သူ ဒီကမ္ဘာမှာ မရှိသေးဘူး။ ဟား ဟား ဟား"

"ကောင်းပြီ ငထွား သင်စိတ်တိုင်းကျ တိုက်ခိုက်စေ"

အဘိုးလည်း ထိုသို့ပြောပြီး ချက်ချင်းပင် တရားထိုင် နေလိုက်သည် ။ ငထွားလည်း လွယ်အိတ်ထဲကနေ ကွင်းလေးတစ်ခု ထုတ်ပြီး အဘိုးထံ ပစ်လိုက်သည် ။ ကွင်းလေးက လေထဲမှာ ပင် တဖြည်းဖြည်း ကြီးလာပြီး မီးကွင်းအဖြစ် ပြောင်းကာ အဘိုးထံသို့ ဝင်လာသည် ။ အဘိုးလည်း တရားထိုင်နေရာမှ မန္တန်တစ်ခုကို မန်းလိုက်သည် နှင့် အံ့ဩစွာပင် ကောင်းကင်မှ မိုးစက်များ ကျ လာပြီး မီးကွင်းငြိမ်းသွားသည် ။ မိုးရွာသည် ကား ထူးဆန်းလှသည် ။ မီးကွင်း ဝင်လာသည့် နေရာမှ တပါး အခြားနေရာတွေမှာ မိုးတစ်စက်မျှပင် မကျချေ။ ငထွားလည်း သူ့လက်ချက်က အဘိုးကို မထိ၍ စိတ်တို လာပြီး လွယ်အိတ်ထဲမှ ပြာမှုန်လေးတွေ ထုတ်ပြီး အဘိုးထံ ပစ်လိုက်သည် ။ ပြာမှုန်လေးတွေမှာ

တဖြည်းဖြည်းနှင့် ပိတုန်းများ အသွင် ပြောင်း လာပြီး "တဝီဝီ"နှင့် အဘိုးထံ ပြေးဝင်လာသည်။ အဘိုးလည်း ခေါင်းပေါင်းကို ဖြေပြီး ပိတုန်းကောင်တွေကို ရိုက်ချလိုက်သည်။ ပဝါ(ခေါင်းပေါင်း)နှင့် ထိသမျှ ပိတုန်းတွေ လောင်မီးကျကုန်သည်။

ထို့နောက် အဘိုးလည်း ပဝါကို ငထွားထံ ပစ်လွှတ်လိုက်သည်။ ငထွားလည်း မည်သို့မျှ မတုံ့ပြန်နိုင်ပဲ ဖြစ်တော့သည်။

ပဝါစသည် ငထွား၏ လည်ပင်းမှာ ပက်မိနေသည်။ ငထွားရန်းလေ ပဝါစက တင်းလေ ဖြစ်လာသည်။ ငထွားလည်း မိမိတတ်သမျှ ပညာကုန်သုံး၍ ပဝါစကို ဖြေဖို့ ကြိုးစားသော်လည်း အရာမထင်ပေ။ နောက်ဆုံးမှာ တော့ ငထွားလည်း မကောင်းသည့် ပညာရပ်များကို စွန့်လွှတ် လိုက်ရသည်။ မိုးမခလည်း သတိပြန်ဝင် လာပြီး အိမ်ကို ပြန်ခဲ့တော့သည်။ မွန်းတည့်ချိန် ရွာဝင်ရောက်တော့ သူငယ်ချင်း သာလှနှင့်တွေ့သည်။ သာလှဆိုသူမှာ မိုးမခနှင့် ငယ်ပေါင်းတွေ ဖြစ်သည်။ သူငယ်ချင်း ဖြစ်ရုံသာမက ညီအစ်ကို ထင်ရလောက်အောင် သာလှနှင့် ခင်သည်။ သာလှလည်း မိုးမခကို မြင့်သည် နှင့်

"မိုးမခ အိမ်ကို မြန်မြန်ပြန် မင်းအမေ မေ့မြောနေလို့ ကွ။ ငါ ဟိုဘက်ရွာက ဆေးဆရာ သွားပင့်လိုက်ဦးမယ်"

သာလှ၏ စကားသံကြောင့် မိုမခလည်း ရင်ဝကို ဆောင့်ကန် ခံရသည့်အလား ခံစားရသည်။ သူထင်ထားသည့်အတိုင်း သာလှပြောသံကြား၍ မိုးမခ အပြေးလေး အမေရှိရာ သွားတော့သည်။ အိမ်ပေါ်ရောက်သည် နှင့် မိုးမခလည်း လွယ်အိတ်ပင် မချွတ်နိုင်ပဲ အမေ့နား သွားမိသည်။

"အမေ ဘယ်လို ဖြစ်တာလဲဗျာ"

"သား မင်း ရောက် လာပြီလား အမေမင်းကို စောင့်နေတာ အမေလ

ည်း ခုမှ သတိရလို့ သားရယ်၊ မင်းအရမ်း သိချင်နေတဲ့ မင်းအဖေကြောင်း အမေ ပြောပြမယ် သားရယ်"

"အမေ အဲဒါတွေ အသားထားပါ။ အမေ ပင်ပန်းနေပေါ့မယ်။ စကား မပြောနဲ့ နော် အမေ"

"မပြောလို့ မဖြစ်လို့ ပေ့ါ သားရယ်"

ဒီလို့ ကွဲ့ မင်းမမွေးခင်က အမေတို့ က ဒီလို မဆင်းရဲခဲ့ဘူး သားရဲ့ ၊ ချမ်းချမ်းသာသာနဲ့ လှူရေးတန်းရေးမှာ အမေတို့ အမြဲထိပ်ဆုံးက ပါခဲ့ကြတယ်။ နောက်ပြီး မင်းအဖေက အထက်လမ်းဆရာ ပေါက်စပေ့ါ ကွယ်။ တစ်နေ့တော့ အမေတို့ ရွာ အနောက်ဘက် ဘုရားပျက်ကုန်းကို လူတစ်စု ရောက်လာတယ်ကွဲ့။ သိုက်ဆရာ အောက်လမ်း ဆရာတွေပေ့ါ ကွယ်။ ရွာက လူတွေလည်း စိုးရိမ်နေကြတယ်။ မင်းအဖေကလည်း ရွာ အတွက်ဆို အသက်ပေးမယ့်သူ၊ ဒီလိုနဲ့ မင်းကိုမွေးပြီး တစ်လပြည့်တဲ့ ည လူချိန်တိတ်ချိန် 'မင်းအဖေက ရှင်မရေ ငါရွာတွက် ငါ သွားဖြေရှင်းရ တော့မယ် ဘုရားကုန်းမှာ ရောက်နေတဲ့ သူတွေက သိုက်ဖော်နေကြပြီ။ ဘုရားပစ္စည်းတွေ ငါ သွားကာကွယ်မှ ရမယ် ငါသေမလား ရှင်မလား မ သေချာဘူး။ သားလေးကို သေချာ ဂရုစိုက်ပါ ငါ့လိုပညာနဲ့တဲ့ အချိန် ဒီ လိုအဖြစ်တွေ မကြုံရအောင် ငါ့သားကို သေချာ သင်ခိုင်းပါ ရှင်မရာလို့ ' ပြောပြီး ထွက်သွားတယ်။ ငါလည်း မင်းအိပ်နေလို့ မင်းအဖေနောက်က တိတ်တိတ်လေး ခိုးလိုက်သွားတယ်။ မင်းအဖေ ဘုရားကုန်းလည်း ရောက်ရော ဟိုလူတွေက ကန်တော့ပွဲတွေ ဘာတွေနဲ့ သိုက်တူးနေကြပြီ ။

မင်းအဖေလည်း အချိန်မဆိုင်းပဲ 'ဟေ့ ရပ်လိုက်ကြစမ်း'

"မင်းက သေချင်လို့ လား မတောက်တခေါက် ပညာလေးနဲ့ ငါ့ကို ယှ

ဉ်ချင်တယ်ပေါ့ နတ်ပြည်မှာ သိကြား လူ့ပြည်မှာ ငထွားတဲ့ ကွ။ မင်းမ
သေချင်ရင် အေးဆေး အိမ်ပြန်"

"ဒီမှာ ငထွား မင်းတတ်ထားတဲ့ ပညာတွေက အဝီစိ ရောက်မယ့်ပ
ညာတွေကွ။ ဒီထဲမင်းက ဘုရားဗျာပနာသိုက်ကို စော်ကားချင်သေးတယ်
။ ဒီနေ့ မင်းကို ငါရအောင် တားရတော့မယ်"

"ဟား ဟား ဟား ပြောမရလည်း မင်းသဘောပဲ။ ကဲရော့ ငါ့စက်ရဲ့
အရသာလေး မြည်းစမ်းဟဲ့လို့ ပြောပြီး လက်နှစ်ဖက်ကို ရှေ့ထုတ်လိုက်
တာနဲ့ ပန်းရောင် အလင်းတန်းလေး မင်းအဖေဆီကို ပြေးဝင်သွားတယ်။
မင်းအဖေလည်း အင်းတစ်ချက်ကို ထုတ်ပြီး ဂါထာစုတ်ကာ ပစ်လွှတ်လို
က်တယ်။ အဲဒီမှာ မှာ စက်နဲ့ အင်းနဲ့ တွေ့ပြီး ပေါက်ကွဲသည့် 'အုန်း' ဆို
တဲ့ အသံကား ကျယ်လောင် လှပေသည် ။

"ဟား ဟား ဟား မင်းပညာလည်း ဘယ်ဆိုးလို့ လဲ ကဲရော့
ဖေ့သားကြီး အဲဒီကောင်ကို အမှုန့်ဖြစ်အောင် ခွေ့စမ်းဟဲ့ ဆိုပြီး လက်ထဲ
က ကျွဲရုပ်ကလေး အောက်ချ လိုက်တော့သည် ။ တစ်ခဏချင်းပဲ ကျွဲရုပ်
ကလေးက ကျွဲကြီးအသွင်ပြောင်းပြီး မင်းအဖေဆီ ပြေးခွေ့တော့တယ်။
မင်းအဖေလည်း ချက်ချင်း ဂါထာတစ်ခု ရွတ်ဆိုပြီး ကျွမ်းထိုးလိုက်တယ်
။ ပြီးတာနဲ့ ကျားတစ်ကောင် အသွင်ပြောင်း၍ ကျွဲကြီးကို တိုက်ခိုက်
တော့သည် ။ တဖြည်းဖြည်းနဲ့ မင်းအဖေ တစ်ဖြစ်လဲ ကျားရဲ့ ကိုက်တဲ့ ဒ
ဏ်ကြောင့် ကျွဲကြီးမှာ မူလသဏ္ဍာန် ပြန်ရောက်သွားသည် ။ မင်းအဖေ
လည်း နဂိုအတိုင်း ပြန်ဖြစ်ပြီး ကျွဲခွေ့လို့ ရတဲ့ ဒဏ်ရာတွေ ပြည့်နှက်နေ
သည် ။ အောက်လမ်းဆရာ ငထွားလည်း လက်နှစ်ဖက် ရှေ့ထုတ် ဂါထာ
တွေရွတ်ရာ လက်တွေ ပါးစပ်တွေကနေ ထွက်လာသည့် ဝါ စိမ်း နီ ရော
င်စုံ စက်တွေ မင်းအဖေဆီ ပြေးဝင် သွားကြတယ်။

မင်းအဖေလည်း လျှပ်တစ်ပြက် ဝင်လာသည့် စက်တွေကို ရိုက်ချပေမဲ့ ပညာနုတာက တစ်ကြောင်း၊ ကျွဲခွေ့လို့ ရသည့် ဒဏ်ရာတွေက တစ်ကြောင်း နောက်ဆုံး ငထွား ပါးစပ်က ထွက်လာသည့် အနီရောင် အလင်းတန်းလေးက မင်းအဖေရဲ့ ရင်ဝကို ထိုးဖောက် သွားတယ်ကွဲ့။ မင်းအဖေလည်း သွေးအန်ကာ နေရာမှာ တင် ဆုံးသွားတယ်။ အဲဒီအချိန်မှာ ရွာလူကြီးနဲ့ ရွာသားတွေ ရောက်လာလို့ အောက်လမ်းဆရာ ငထွားတို့ အဖွဲ့ ထွက်ပြေးခဲ့ကြတယ်။ မင်းအဖေကတော့ သာသနာတွက် အသက်ပေး သွားခဲ့ရတာပေါ့ကွယ်။ နောက်နေ့ မင်းအဖေကို သင်္ဂြိုဟ်ပြီးပြီးချင်းပဲ အဲဒီရွာကနေ ဒီကို ပြောင်းလာခဲ့တာပဲကွယ်။

သား မင်းဆီက ကတိတစ်ခု တောင်းမယ်ကွယ်။ အမေမရှိတော့တဲ့ နောက်ပိုင်း သား ခုနစ်ရက် သားသမီးတွေအပေါ် မကောင်းတဲ့ ပညာသုံးနေကြတဲ့ သူတွေကို မင်းတတ်နိုင်သမျှ ရှင်းလင်းပါ မကောင်းသူပယ် ကောင်းသူကယ်ပါ သား"

"စိတ်ချပါအမေ သားကြိုးစားပါ့မယ်"

"အဟွတ် အဟွတ်"

"အမေ သတိထားဦး"

မိုးမခ ပြောလို့ မဆုံးခင်ပဲ မွေးမေရဲ့ မျက်ဝန်းတစ်စုံ လောကကြီးကနေ ထာဝရ မှိတ်လို့ သွားတော့သည် ။ မိုးမခလည်း မွေးမိခင်ရဲ့ ရက်လည်နေပြီး ရွာကထွက်ဖို့ ပြင်ဆင်တော့သည် ။ လက်သီးကိုဆုပ် အံကိုကြိတ်လို့ စိတ်ချပါ အမေဖြစ်စေချင်တဲ့ အတိုင်း သား ကြိုးစားပါ့မယ်လို့ ရေရွတ်ရင်း မွေးရပ်မြေ ရွာလေးကို ကျောခိုင်းခဲ့တော့သည် ။ ထိုသို့ဖြင့် မိုးမခ ခြေဦးတည့်ရာ သွားရင်း မှောင်တော့မည်မို့ ရွာတစ်ရွာသို့ ရောက်အောင် အမြန် လျှောက်ခဲ့တော့သည် ။ ဟော တွေ့ပါပြီ နားခိုဖို့ ဇရပ်တ

စ်ခု မိုးမခလည်း တစ်နေ့လုံး မနားရသေးသဖြင့် ပင်ပန်းကာ တစ်ခဏချ င်း အိပ်ပျော် သွားတော့သည် ။

"လူလေး ထတော့"

အသံတစ်ခု မိုးမခ နားထဲ ကြားရသဖြင့် မိုးမခ မျက်လုံး ဖွင့်ကြည့်မိ သည် ။

"ဟာ အဘိုးပါလား"

"အေးကွယ် လူလေး ကံမကုန်လို့ ပြန်ဆုံကြပြန်ပြီပေါ့။ လူလေး ရည် ရွယ်ချက်တွေ ပြည့်ဖို့ အဘိုးနဲ့ ရိုးမတောထဲ လိုက်ခဲ့တော့ကွယ်။ "မိုးမခ တစ်ယောက် အဘိုးနောက် လိုက်ရင်း ဘာတွေ ဆက်ဖြစ်မလဲ ဆိုတာ တွေးရင်း ရိုးမတောထဲ ရှေးရှု ခရီးထွက်ခဲ့လေတော့သည် ။ လမ်းသွားရ င်း အဘိုးက ဟိုတစ်လောက တောထဲမှာ မိုးမခတွေ့လိုက်သည့် လူမှာ မို မခ အဖေကို သတ်သည့်သူ ဖြစ်ကြောင်း ပြောပြသည် ။ ပြီးတော့ မိုးမခ အား ရန်ကိုရန်ချင်း မတုံ့လျှဉ်းဖို့ သင်ကြားရင်း ခရီးဆက်ခဲ့သည် ။

မိုးမခလည်း အဘိုးအိုနောက်လိုက်ပြီး ဘာတွေ ဆက်ဖြစ်မလဲ ဆို တာကိုတော့ "မိုးမခနှင့် နတ်ကတော် ခင်သုန်" ဆိုသည့် ဝတ္ထုလေးမှာ ဆက်လက် အားပေးကြပါဦးဗျာ။ ဖတ်ရှုပေးသည့် ပရိသတ် အားလုံးကို ကျေးဇူးတင်လျက်...

**တိမ်လှိုင်း(အောင်လံ)**

***